တရားမပုံစံအမှတ်- ၆၄ ဤပုံစံကို အသုံးပြုရန်အတွက် တရားမပုံစံအမှတ် ၆၆ ကိုကြည့်

**ရောင်းချရန်ကြော်ငြာစာ**

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် - ၄၈၀**

| | | | |
|---|---|---|---|
| **ဒေါ်မိုးမိုးအေး** | နှင့် | ၁။ ဦးချစ်စံ ၂။ မခိုင်ယမင်းဆွေ ၃။ မောင်စိုးသူ | ၄။ ကိုချမ်းမြေ့အောင် ၅။ မချင်မ ၆။ ဒေါ်ဥမ္မာချို |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** | |

**မန္တလေးခရိုင်** တရားရုံးတော်၊ **တရားမကြီးမှုအမှတ်** -၃၄၇/၁၅ အမှုတွင် အ ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခု ဖေဖော်ဝါရီ လ၊ ၂၆ ရက်နေ့၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံ ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စား လှယ် သော်လည်းကောင်း၊ လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံရောင်းချမည့် စည်းကမ်းချက်များ</u>**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရာ သို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပ တရားရုံးက တာဝန်ယူ မည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချ မည်အကြောင်း၊လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သ အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မ သို့သော် အမြင့် ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြေ ရောင်းချသူ အရာရှိက ထင်မြင့်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ် က ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသ ရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသ စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူပိုင်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန် များကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတို ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့ အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပ ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံ ရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ( ၁၅ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ဝင်းမင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး (၄)
မဟာအောင်မြေခရိုင်တရားရုံ
တရားသူကြီ

<u>ပစ္စည်းစာရင်း</u>

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၅၃၂) ၊ ဦးပိုင်အမှတ် (၅၅) ၃၇×၃၈လမ်းကြား၊ ၈၁×၈၂ လမ်းကြားရှိ ဧရိယာ(၀.၀၂၄၆)ဧကရှိမြေကွက်နှင့် အဆိုပါမြေကွက်ပေ တွင် ဆောက်လုပ်ထားသည့် ၂×၃ ခန်း၊ ၂ ထပ် ၊ ထရံကာ၊ သွပ်မိုး၊ လူနေအဆောက်အအုံ။

လေလံကြမ်းခင်းဈေးငွေကျပ်သိန်း- သိန်း( ၄၀၀၀ )

အရောင်းကြော်ငြာပြန်သွင်းရန်နေ့ရက်- (၂၅-၁-၂၀၂၄)

<u>ကပ်ရန်</u>

၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း

၂။ မဟာအောင်မြေမြို့နယ်တရားရုံးကြော်ငြာသင်ပုန်း

၃။ ရတနာအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း

၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ

၅။ အမှုတွဲလက်ခံ